မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုဖြစ်ပွား

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၂**

ဘဂ္ဂဒက် မြို့လယ်ပိုင်းတွင် ကျယ်လောင်သော ပေါက်ကွဲမှုကြောင့် တုန်ခါသွားပြီး အီရတ်တစ်ဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက စနေနေ့တွင် ပြောကြားသည်။

**ဖောက်ခွဲ**

ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်စစ်ယာဉ်တန်း ဖြတ်သွားပြီး မကြာမီ၌ ကားဗုံးပေါက်ကွဲခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အမေရိကန်စစ်ယာဉ်တန်းအား မဖောက်ခွဲလိုက်နိုင်သဖြင့် အသေခံကားဗုံးခွဲသူသည် ၎င်း၏ဖေါက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားကို အရပ်သားတစ်ဦး၏ ကားအနီးတွင်ဖောက်ခွဲလိုက်ခြင်းဖြစ်သဖြင့် တစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေက ပြောကြားသည်။

**ပြင်းထန်**

အစောပိုင်း၌ ဘဂ္ဂဒက်အနောက်ပိုင်း အမီရီယာအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၊ အီရတ် အမျိုးသားအစောင့်တပ်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်ပြောက်ကျားများ ဘဂ္ဂဒက်ရဲစခန်းအားတိုက်ခိုက်
## ရဲတပ်ဖွဲ့ဝင်သုံးဦးထက်မနည်းသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၂

**အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အီရတ်ပြောက်ကျားများက ဘဂ္ဂဒက်ရှိရဲစခန်းအား စနေနေ့က တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။**

အာဒါမီရာရှိ အဆောက်အအုံတစ်ခုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ပြောက်ကျားများအား ဝင်ရောက်စီးနင်းခဲ့ပြီး နောက်တစ်နေ့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး အီရတ်လေးဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု အီရတ်တို့က ပြောကြားသည်။

**ပျက်စီး**

ဘဂ္ဂဒက်အနောက်ပိုင်းတွင် အီရတ်အမျိုးသားလုံခြုံရေးယာဉ်တန်း ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် စစ်ယာဉ်တစ်စီးပျက်စီးခဲ့သည်။ သေဆုံးမှုအရေအတွက် မသိရှိရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ယာဉ်တန်းဖြတ်သန်းသွားစဉ် နောက်ထပ်လမ်းဘေးဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့မှ အသေးစိတ်ပြောကြားခြင်းမရှိကြောင်း ရိုက်တာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**



## ကင်းလှည့်ပျံသန်း

**ဘဂ္ဂဒက်မြို့ပေါ်တွင် ကင်းလှည့်ပျံသန်းနေသော အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းကို နိုဝင်ဘာ ၂၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နိုဝင်ဘာ ၂၂ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၂၂၈ဦးရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၃

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။**

**တိုက်ပွဲ၌သေဆုံး**

နိုဝင်ဘာ ၂၂ ရက် တနင်္လာနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၂၈ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၅၅ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

**အခြားတပ်ဖွဲ့ဝင်**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုး နီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၉၀ ဦးဖြစ်ပြီး ယင်းအနက် ၈၄၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# ပြန်ပေးဆွဲခံခဲ့ရသော ပိုလန်အမျိုးသမီး ပြန်လည်လွတ်မြောက်လာ

**ဝါဆော နိုဝင်ဘာ ၂၂**

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုတစ်စုက အောက်တိုဘာလကစပြီး ပြန်ပေးဆွဲဖမ်းဆီးထားခြင်းခံခဲ့ရသူ ပိုလန်အမျိုးသမီးသည် လွတ်မြောက်လာခဲ့ပြီးနောက် မိမိအား ဖမ်းထားသူများက ကောင်းစွာပြုစုကြောင်း စနေနေ့၌ ပြောကြားခဲ့သည်။

**အခြေအနေကောင်း**

သူမလွတ်မြောက်ကြောင်း ကြေညာရန် ပိုလန်ဝန်ကြီးချုပ် မာရက်ခ်ဘဲလ်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ တီရီဆာဘော့ဇ်ခါလီဖာကို တွေ့ရကြောင်း ရိုက်တာက ဖော်ပြသည်။ လွတ်မြောက်လာသည့်အတွက် မိမိလွန်စွာပျော်ရွှင်မိကြောင်း၊ မိမိအားဖမ်းထားစဉ် ကောင်းစွာပြုစုခဲ့ကြောင်း၊ မိမိ၏အခြေအနေကောင်းမွန်ကြောင်း ဘော့ဇ်ခါလီဖာက ပြောကြားသည်။

မိမိကို တစ်ချိန်လုံး မျက်နှာ၌ အဝတ်စည်းထားခြင်းကြောင့် မိမိဘာမျှမသိကြောင်း ဘော့ဇ်ကပြောဆိုသည်။ ဘော့ဇ်သည် အီရတ်တစ်ဦးနှင့် လက်ထပ်ခဲ့ပြီး ၁၉၇၀ပြည့်နှစ်များကစ၍ အီရတ်၌နေထိုင်ခဲ့ကာ အီရတ်နိုင်ငံသားအဖြစ် ခံယူထားသည်။

အောက်တိုဘာ ၂၇ရက်က အမည်မသိ အုပ်စုတစ်စုက ဘဂ္ဂဒက်တွင် သူမအား ပြန်ပေးဆွဲသွားခဲ့ပြီး အီရတ်မှနေ၍ ပိုလန်တပ်များ ရုပ်သိမ်းရန် ယင်းအုပ်စုက တောင်းဆိုခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

## စစ်ဆေး မေးမြန်း



**ဘဂ္ဂဒက်မြို့ ဒေါ့ဝုဒ်စစ်စခန်းအနီးတွင် အီရတ်တို့အား ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးက စစ်ဆေးမေးမြန်းနေသည်ကို နိုဝင်ဘာ ၂၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မိုဆူးလ်နှင့်ဘဂ္ဂဒက်၌ တိုက်ခိုက်မှုအသစ်များ ဆက်လက်ဖြစ်ပွား

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၂**

မိုဆူးလ်မြို့နှင့်ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုအသစ်များဆက်လက် ဖြစ်ပွားလျက်ရှိသည်။ ဖလူးဂျာမြို့စစ်ဆင်ရေးအောင်မြင်ခဲ့သည်ဟု ပြောကြားခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖောက်ခွဲရေးပစ္စည်းများကို ဆက်လက်ရှင်းလင်းဖော်ထုတ်ရလျက်ရှိပြီး ကျန်ရှိနေသော ခုခံတိုက်ခိုက်ရေးသမားများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိသည်။

အီရတ်တပ်ဖွဲ့ဝင်များနှင့်အမေရိကန် မရိန်းတပ်ဖွဲ့များသည် ဖလူးဂျာမြို့အတွင်း တစ်အိမ်တက် တစ်အိမ်ဆင်း၊ တစ်လမ်းဝင် တစ်လမ်းထွက် ရှာဖွေဖော်ထုတ်ရာမှ တွေ့ရှိသည့် အချက်အလက်များ၊ လက်နက်သိုလှောင်ထားမှုများနှင့်အခြားရှာဖွေတွေ့ရှိမှုများအပေါ်အခြေခံပြီး ဘဂ္ဂဒက်မြို့နှင့်အခြား မြို့များတွင်လည်းအီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှာဖွေဖမ်းဆီးမှုများပြုလုပ်လျက်ရှိသည်။

အီရတ်နှင့် အမေရိကန်တပ်ဖွဲ့များ၏ သီတင်းနှစ်ပတ်ကြာ ထိုးစစ်ဆင်မှုပြီးဆုံးချိန်၌ အချို့ကျန်ရှိနေသူ ဒေသခံအရပ်သားများမှာ အကူအညီရရှိရေးအတွက် နေအိမ်များမှထွက်လာကြသည်။

မြို့နေလူထု၏၅ရာခိုင်နှုန်းသည် မြို့တွင်း၌ ကျန်ရှိနေခဲ့ပြီး အကူအညီရရှိရေးအတွက် ထွက်ခွာလာကြခြင်းဖြစ်သည်။

**(စီအင်န်အင်န်)**

# ရာမာဒီ၌ ကန်မရိန်းတပ်ဖွဲ့ဝင်များက ဘတ်စ်ကားကိုပစ်ခတ် အရပ်သားခုနစ်ဦးသေဆုံးဟု စစ်ဘက်နှင့် အီရတ်ရဲတပ်ဖွဲ့ပြောကြား

ရာမာဒီ နိုဝင်ဘာ ၂၂

**ရာမာဒီမြို့ရှိ စစ်ဆေးရေးစခန်းတစ်ခုကို ဖြတ်မောင်းသောဘတ်စ်ကားတစ်စီးအား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်သဖြင့် အီရတ်အရပ်သားအချို့ သေဆုံးကြောင်း အမေရိကန်စစ်ဘက်နှင့်အီရတ်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

**ဖော်ပြ**

ထိုသို့ပစ်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ကပြောကြားပြီး စစ်ဘက်ကမူ သုံးဦးသေဆုံးသည်ဟု ပြောဆိုသည်။ ယာဉ်မောင်းသူသည် နှုတ်ဖြင့်အော်ဟစ်သတိပေးခြင်းနှင့် သတိပေးပစ်ခတ်ခြင်းတို့ကို အရေးမစိုက်ခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

**ပစ်ခတ်**

အဆိုပါ ဘတ်စ်ကားသည် မရိန်းတပ်ဖွဲ့ဝင်များရှိရာသို့ အတင်းမောင်းဝင်လာသဖြင့် မရိန်းတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနေရာယူထားသော ဗဟိုအုပ်ချုပ်ရေးမှူး အဆောက်အအုံအနီး၌ဖြစ်ပွားခဲ့သည့်ပစ်ခတ်မှုတွင် အီရတ်ခုနစ်ဦးသေဆုံးကြောင်း ရာမာဒီရဲအရာရှိချုပ်က ပြော ကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



**ရာမာဒီမြို့တွင် အိမ်တစ်အိမ် အတွင်းသို့ ဝင်ရောက်စီးနင်းရန် ကြိုးစားနေသော အမေရိကန် တပ်ဖွဲ့ ဝင်များကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံတကာသတင်းများ

# အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားသူများအား ပြန်လည်ခုခံတိုက်ခိုက်ခြင်းသည် တာဝန်တစ်ရပ်ဖြစ်ဟုဆို

ဒူဘိုင်း နိုဝင်ဘာ ၂၂

**အီရတ်တွင် ကျူးကျော်သိမ်းပိုက်ထားသူများကို ခုခံတိုက်ခိုက်ခြင်းသည် တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အီရတ်ခုခံတိုက်ခိုက်ရေးသမားများရှိသော မြို့များအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက ပြင်းထန်စွာထိုးစစ်ဆင် တိုက်ခိုက်ခြင်းသည် စောင့်စည်းမှုမရှိသော ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းသာဖြစ်ကြောင်း အီရတ်ခေါင်းဆောင်တစ်ဦးက စနေနေ့၌ ပြောကြားသည်။**

ကျူးကျော်သိမ်းပိုက်သူများအနေဖြင့် ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို အလေးမထား ဂရုမစိုက်လျှင် အားလုံးသော အီရတ်လူမျိုးများသည် ၎င်းတို့အား ပြန်လည်ခုခံတိုက်ခိုက်တွန်းလှန်ရန် သဘောတူညီမှု ရရှိပြီးဖြစ်သည်ဟု ၎င်းက အယ်လ်ဂျာဇီရာ ရုပ်သံမှတစ်ဆင့် ပြောကြားသည်။

**ရှုတ်ချ**

ဖလူးဂျာမြို့ အနောက်ဘက်ရှိ အဆောက်အအုံတစ်ခုတွင်ဒဏ်ရာရနေသော အီရတ်များနှင့် လက်နက်မရှိသော အီရတ်များအား အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကိုလည်း ၎င်းကပြစ်တင်ရှုတ်ချလိုက်သည်။

**ပစ်သတ်**

ကျူးကျော်သိမ်းပိုက်သူ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဒဏ်ရာရရှိ၍ ဒုက္ခရောက်နေသူများကို ပစ်သတ်သွားခဲ့သည်။

**အလေးမထား**

ထို့ကြောင့် ၎င်းတို့သည်လူသားများ၏အသက်ကို အလေးမထားကြသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်ဝန်ကြီးချုပ်၏ ညီအစ်ကိုဝမ်းကွဲတော်သူအား ပြန်ပေးသမားတို့ ပြန်လွှတ်ပေး

ဒူဘိုင်း နိုဝင်ဘာ ၂၂

**အီရတ်ပြန်ပေးသမားများသည် ၎င်းတို့ပြန်ပေးဆွဲ ဖမ်းဆီးထားခဲ့သော အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် အာလာဝီ၏ ညီအစ်ကိုဝမ်းကွဲတော်သူအား လွှတ်ပေးလိုက်ကြောင်းအယ်လ်အာရေဗျာရုပ်မြင်သံကြားက တနင်္ဂနွေနေ့၌ ထုတ်လွှင့်ခဲ့သည်။ အသေးစိတ်ကို ရုပ်မြင်သံကြားက ပြောကြားခြင်းမရှိဘဲ အီရတ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဂါဇီအာလာဝီ လွှတ်မြောက်သည်ဆိုခြင်းကို မိမိ အတည်မပြုနိုင်ကြောင်း ပြောကြားသည်။**

**ပြန်ပေးဆွဲခဲ့**

အမည်မသိပြန်ပေးအုပ်စုသည် ဝန်ကြီးချုပ်၏ ညီအစ်ကိုဝမ်းကွဲတော်သူ အသက် (၇၅)နှစ်ရှိ ဂါဇီအာလာဝီနှင့်အတူ ၎င်း၏ဇနီးနှင့်သမီးချွေးမတော်စပ်သူတို့အား နိုဝင်ဘာ ၉ရက်၌ ပြန်ပေးဆွဲ ဖမ်းဆီးသွားခဲ့ကြသည်။ လွန်ခဲ့သည့် တနင်္ဂနွေနေ့၌ အမျိုးသမီးများအား ပြန်ပေးသမားတို့က ပြန်လွှတ်ပေးလိုက်ကြောင်း ရုပ်မြင်သံကြားက ပြောကြားခဲ့သည်။

ဖလူးဂျာမြို့အား အမေရိကန်တပ်များ တိုက်ခိုက်မည့်ကိစ္စကို အီရတ်အစိုးရက ဖျက်သိမ်းခြင်းမပြုလျှင်၊အကျဉ်းသားများကို လွှတ်ပေးခြင်း မပြုလျှင် ဖမ်းထားသူများကို သတ်ပစ်မည်ဟု ပြန်ပေးသမားတို့က ခြိမ်းခြောက်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်၌ ရာဇဝတ်မှုအဖြစ်များ

လက်စ်ဗီးဂက်စ် နိုဝင်ဘာ ၂၂

**အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂတ်စ်မြို့ရှိ အငှားယာဉ်မောင်းများသည် ပြင်းထန်သည့် ရာဇဝတ်မှုများအဖြစ်များခြင်းကြောင့် စွန့်စားအသက်မွေးဝမ်းကျောင်း ပြုနေရကြောင်း သိရသည်။**

ယခုအခါ ထိုရာဇဝတ်မှုများကို ပြန်လည်တိုက်ခိုက်ရန်အတွက် အငှားယာဉ် ကုမ္ပဏီများစွာသည် နည်းပညာကို အသုံးပြုလျက်ရှိသည်။ ဗီးဂတ်စ်မြို့ အငှားယာဉ်မောင်း တစ်ဦးဖြစ်သူ ကရိတ်ဟာရက်စ်က ၎င်းတို့အား မသမာသူများက ညှဉ်းပန်းနှိပ်စက်ကာ ဓားပြတိုက်မှု ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဖြစ်ပွားခဲ့**

ယခုနှစ်အတွင်းမှာပင် ဓားပြတိုက်မှု ၅၆မှု ဖြစ်ပွားခဲ့ကြောင်း၊ လွန်ခဲ့သည့် နှစ် ၃၀တွင် စီးနင်းတိုက်ခိုက်မှုများစွာ ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း အငှားယာဉ် အာဏာပိုင်များက ပြောကြားခဲ့သည်။

**တပ်ဆင်**

ယခုအခါ အငှားယာဉ်ကားအချို့မှာ ဒီဂျစ်တယ်ကင်မရာ တပ်ဆင်သည့် အစီအစဉ်ကို စမ်းသပ်ခဲ့ကြောင်းလာမည့် ဧပြီလတွင် အငှားယာဉ် ၂၆ စီးခန့်တွင် ကင်မရာများကို တပ်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(စီအင်န်အင်န်)**

# အာကာသစူးစမ်း လေ့လာရေး ခရီးစဉ် စတင်နိုင်ပြီ

**လန်ဒန် နိုဝင်ဘာ ၂၂**

ဆွစ်ဖ်အမည်ရှိ အာကာသအတွင်း အမြန်ဆုံး လည်ပတ်စူးစမ်းလေ့လာ နိုင်မည့် အာကာသစူးစမ်း လေ့လာရေးယာဉ်ကိုလွှတ်တင်ရန် သီတင်းပတ်များစွာ ကြန့်ကြာနေခဲ့ပြီးနောက် ယခုအခါ ၎င်း၏ခရီးစဉ်ကို စတင်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**ဆောင်ရွက်**

အာကာသစူးစမ်းလေ့လာရေး ဓာတ်ခွဲခန်းများ ပါရှိကာ (ဒေါ်လာသန်း ၂၅၀)တန်ဖိုးရှိ ၎င်းအာကာသ စူးစမ်းလေ့လာရေးယာဉ်ကိုနာဆာ၊အီတလီ အာကာသ စခန်းနှင့် ဗြိတိသျှ သိပ္ပံပညာရှင်များက ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

**လေ့လာနိုင်**

၎င်း အာကာသ စူးစမ်းလေ့လာရေးယာဉ်သည် အာကာသအတွင်း တွင်းနက်များ စတင်ဖြစ်ပေါ်မှုကို လေ့လာနိုင်ရန်အတွက် ဂမ်မာရောင်ခြည်ပေါက်ကွဲမှု များကို ရှာဖွေလေ့လာသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# ဖာရိုဘုရင်များအကြောင်း ပါရီမြို့ ပြခန်း၌ပြသ

ကိုင်ရို နိုဝင်ဘာ ၂၂

**ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အာရပ်ကမ္ဘာအဆောက်အအုံဟု ခေါ်သော ပြခန်းတွင် အီဂျစ်ဖာရိုဘုရင်များနှင့် ပတ်သက်ပြီး ခင်းကျင်းပြသထားသည်။ ထိုပြခန်းမှ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ခန့်က အီဂျစ်တွင် အုပ်စိုးခဲ့သည့် ဖာရိုဘုရင်များ၏ အကြောင်းကို သိရှိခွင့်ရရှိမည်ဖြစ်သည်။ ယင်းပြခန်းတွင် မင်းဆက် ၁၃ဆက် တို့လက်ထက်မှ ရုပ်တုများကို တွေ့မြင်ရမည်ဖြစ်ပြီး ပြသထားသော ရုပ်တုများတွင် အီဂျစ်နိုင်ငံ၏ ပထမဆုံး ဖာရိုဘုရင်မ ရုပ်တု၊ ဘာသာရေးဆိုင်ရာ ရုပ်တုများအပါအဝင်၊ အီဂျစ်အရုပ်စာများလည်း ပါဝင်သည့် အပြင် တက်တူစမန်နှင့် ဆူးမစ်(စ်)ဘုရင်တို့၏ ရွှေမျက်နှာဖုံးများလည်း ပါဝင်သည်။** (စီအက်ဖ်အိုင်)



**စစ်ဆေးမေးမြန်း**

**ဖလူးဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးထားသော အီရတ်တစ်ဦးအား စစ်ဆေးမေးမြန်းနေသည်ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံ့ဝန်ထမ်းများအရည်အသွေးတိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၃

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့ ကြီးမှူးကျင်းပသော နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ-၂၀၀၄(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက် အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ စီမံကိန်းညှိနှိုင်းရေးမှူး ဦးအေးလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဖတ်ကြားတင်ပြ

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က Interface between Centre and Periphery in Myanmar နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် Chulalongkorn University, Thailand, Faculty of Political Science မှ Associate Professor, Dr. Charas Suwanmala က Decentralization in Thailand စာတမ်းကို လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ ဒုတိယပါမောက္ခချုပ် (လေ့ကျင့်ရေး) ဒေါက်တာကံရှိန်က Development Plans in Myanmar and the Civil Service စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

### ဆွေးနွေးပွဲရပ်နား

ထို့နောက် တက်ရောက်လာကြသူများက အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## ဒါးပိန်အမကနှင့်အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၁၉၅၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အမက၊ အထက ဒါးပိန်မြို့တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဆရာကြီး ဆရာမကြီးများမှ ကွယ်လွန်ခဲ့ပြီးသော ဆရာကြီး ဆရာမကြီးများအားရည်စူး၍ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းကပ်လှူဒါန်းပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်သည်။ ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးစိုးကြည် ဖုန်း-၅၇၂၁၈၄၊ ဦးကျော်ဇော ဖုန်း-၅၂၅၂၂၉ လိုင်းခွဲ-၂၆၀၊ ဦးမြင့်ကြည် (ခ)ဦးခင်မောင်ကြွယ် ဖုန်း-၀၉-၈၀-၂၅၂၆၅၊ ဦးလှဌေး ဖုန်း-၅၇၀၅၁၃ နှင့် ဦးဝင်းကြည် ဖုန်း-၇၀၉၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ၁၃၆၅-၆၆ ပညာသင်နှစ် စာသင်သားသံဃာတော်များ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးကြီးသို့ ကြွရောက်ရန်ပင့်လျှောက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ၁၃၆၅-၆၆ ပညာသင်နှစ် စာသင်သား သံဃာတော်အားလုံးတို့သည် ဒီဇင်ဘာ ၆ ရက်ထက်မစော ဒီဇင်ဘာ ၇ ရက်ထက် နောက်မကျစေဘဲ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် ပတ်(စ်)ပို့အရွယ် ဓာတ်ပုံနှစ်ပုံစီကို တစ်ပါတည်း ယူဆောင်လာကြပါရန် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ ၁၇ ရက်က ရွှေပြည်သာမြို့နယ် ရွှေလင်းရောင်ကျောင်းတိုက် ဆရာတော်နှင့် ဝါဆိုသံဃာ၊ ပင့်သံဃာ ၂၄ပါးတို့အား ဖခင် ဦးစိန်ညွှန့်၊ မိခင် ဒေါ်ညိုညိုစန်းတို့အား အမှူးထားလျက် မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့်ဇနီး ဒေါ်ကြည်ကြည်ခိုင် မိသားစုက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**
(က-ပ)

## သုတရသဘာသာပြန်စာပေ များပြားစွာပေါ်ထွန်းရေး အမျိုးသားစာပေဆုချီးမြှင့်ခြင်းကတွန်းအားပေးရာရောက် ဘာသာပြန်သူများအတွက် အားဆေးတစ်ခွက်လည်းဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၃

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းသည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**



**ကမ္ဘာ့စာပေ သိရှိနှံ့စပ်နေအောင် ဘာသာပြန် စာပေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်။**
**(မောင်ထွန်းသူ)**
(မြန်မာ့အလင်း)

ဘာသာပြန်(ရသ)ဖြင့် အမျိုးသားစာပေဆုရရှိသူ ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၄)ရပ်ကွက် ရွှေစင် ၇ လမ်း အိမ်အမှတ် ၅၂၉ နေ ဘာသာပြန်စာရေးဆရာ မောင်ထွန်းသူအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စာရေးဆရာ မောင်ထွန်းသူက "လုံးဝမျှော်လင့်မထားဘဲ ဘာသာပြန်(ရသ)အမျိုးသားစာပေဆုရရှိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ သုတရသဘာသာပြန်စာအုပ်များပြားစွာ ပေါ်ထွန်းရမည့်အချိန်အခါတွင် ဂုဏ်ပြုဆုချီးမြှင့်သည့်အတွက် တွန်းအားပေးရာလည်းရောက်ကြောင်း၊ ဘာသာပြန်သူများအတွက် အားဆေးတစ်ခွက်လည်းဖြစ်ကြောင်း" ပြောကြားသွားသည်။

ဆရာမောင်ထွန်းသူက ဆက်လက်၍ "ပျော်ဘွယ်၊ရမည်းသင်း၊ပျဉ်းမနားမြို့များ၌နေစဉ် ကျောင်းသားဘဝကပင် စာတိုပေစများ ရေးသားခဲ့ကြောင်း၊ ကျောင်းမဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မောင်ထွန်းသူအမည်ဖြင့် ခရီးသွားဆောင်းပါးများ၊ ဘာသာပြန်စာပေများ၊ ဝတ္ထုတိုများ စတင်ရေးသားခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ပင်ကိုရေး တောင်ပံမဲ့သည့် ငှက်ငယ်များစာအုပ်ထွက်ရှိခဲ့ကြောင်း၊ ထို့နောက် ခေတ်တစ်ခေတ်၏ ကြေးမုံပြင်ဆောင်းပါးပေါင်းချုပ်ထွက်ရှိခဲ့ကြောင်း၊ ထို့နောက် ရဲတိုက်၊ကင်မီလီ၊ ဆဋ္ဌမသုခရိပ်မြိုင်စသည့် ဘာသာပြန်ဝတ္ထုများ ဆက်တိုက်ထွက်ရှိခဲ့ကြောင်း၊ ရေးသားခဲ့သော ဘာသာပြန် ဝတ္ထုများတွင် တက်စ်၊ အကျဉ်းစံ၊ သံမဏိကြက်ခြေ၊ ဒေါသမာန်၊ ရှန်ဂရီလာ၊ အနီနှင့်အနက်၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝ တို့ကမ္ဘာ၊ စိမ်းရက်လေအား၊ ဇာစ်မြစ်၊ နှစ်လောကသစ္စာရှင်၊ ဆိုင်ဂုံ၊ နောက်ဆုံးမြေ၊ ရမ္မက်မီးစသည်တို့ ထင်ရှားကြောင်း၊ ၁၉၈၃ ခုနှစ်တွင် ရဲတိုက်ဘာသာပြန်ဝတ္ထုဖြင့် အမျိုးသားစာပေဆု ပထမအကြိမ်ရရှိခဲ့ဖူးကြောင်း။

၁၉၈၃ ခုနှစ်မှစ၍ အစိုးရဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီး စာပေလောကတွင် ဇောက်ချကာ ဘာသာပြန်ဝတ္ထုများ ရေးလျက်ရှိကြောင်း၊ ယနေ့အထိ ဘာသာပြန်စာအုပ် ၇၈ အုပ် ထွက်ရှိပြီးဖြစ်ကြောင်း၊ ဘာသာပြန်စာပေများနှင့် ပတ်သက်၍ ထုတ်ဝေသူ နည်းပါး၍ ထွက်ရှိမှုနည်းကြောင်း၊ ကမ္ဘာ့စာပေ သိရှိနှံ့စပ်အောင် ဘာသာပြန်စာပေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေချင်ကြောင်း၊ စာပေနှင့်ပတ်သက်၍ စာကောင်း ပေမွန်ရှိလျှင် အားပေးရမည်ဖြစ်ကြောင်း၊ စာပေဆုများ ချီးမြှင့်ခြင်းသည် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ဂုဏ်ရှိစွာ လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊စာပေကို စိုက်လိုက်မတ်တတ် ရေးသားနေသူ၊ စာပေကို တန်ဖိုးထားသူများအတွက် အားတက်ဖွယ် မြေတောင် မြှောက်ပေးမှုပင်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

စာရေးဆရာ မောင်ထွန်းသူကို ဖခင် မြေတိုင်းစာရေး ဦးဖေခင်၊ မိခင် ဒေါ်ဖြူတို့က ၁၉၃၁ ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့သည်။ သားနှစ်ဦးအနက် သားဦးဖြစ်ပြီး အမည်ရင်းမှာ ဦးတင်ထွန်းဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းတွင် စတင်ပညာသင်ခဲ့ပြီး ပျော်ဘွယ်၊ ရမည်းသင်း၊ ပျဉ်းမနားမြို့များရှိ အမျိုးသားအထက်တန်းကျောင်းနှင့် အစိုးရအထက်တန်းကျောင်းများတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ရမည်းသင်းအစိုးရအထက်တန်းကျောင်းမှတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်မှ၁၉၅၈ ခုနှစ်အထိ စင်ကာပူနိုင်ငံ မာလာယုတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ ပြီး လူမှုသိပ္ပံ ဒီပလိုမာဘွဲ့ရခဲ့သည်။

**(မြန်မာ့အလင်း)**



**နိုဝင်ဘာ ၁၆ ရက်က အလက(၄) ရန်ကင်းတွင် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဒုတိယတန်း၌ ပထမဆုရရှိသူ မမွန်မွန်သီရိနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင်က ဆုချီးမြှင့်စဉ်။**
(က-ပ)

## မြို့မကျောင်းသားကျောင်းသူဟောင်းများ သက်ကြီးဆရာများပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် သက်ကြီးကျောင်းသား ကျောင်းသူဟောင်းများနှင့် အသက်(၇၀)အထက် ဆရာ ဆရာမများအား ဒီဇင်ဘာ ၆ ရက် (အမျိုးသားနေ့)တွင် ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် ၆၈ ရှိ မြို့မဟောင်းအသင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးဆရာ ဆရာမများအား တစုတစည်းတည်း ကန်တော့နိုင်ရန်နှင့် ငယ်ပေါင်းရောင်းရင်း အပေါင်းအသင်းများ ပြန်လည် တွေ့ဆုံနိုင်ရန် ရည်ရွယ်၍ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းတိုင်း ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၃)ရပ်ကွက် ၇ လမ်းမိသားစု၏ (၄၈) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ ရက်) သောကြာနေ့ နံနက် ၉နာရီတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ညနေ ၃နာရီတွင် ၇ လမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၂၃၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည့်ကိစ္စများနှင့်စပ်လျဉ်း၍အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၃

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၀၄)ကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ နှင့် စီမံခန့်ခွဲမှုကော်မတီတို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည့်ကိစ္စများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြား သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကျင်းပရေးနှင့်စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ပြီးသည့်ကိစ္စများ၊ ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**အမှာစကားပြောကြား**

**အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း ၂၀၀၅ခုနှစ်ဖေဖော်ဝါရီမတိုင်မီ လုပ်ငန်းအပြီးသတ်ဆောင်ရွက်မည့်အခြေအနေတင်ပြ

ရန်ကုန် နိုဝင်ဘာ ၂၃

**အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌစာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီမတိုင်မီ လုပ်ငန်းများအပြီးသတ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြပြီး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး တက်ရောက်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ (၃၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်အလှူတော် မင်္ဂလာကျင်းပရန်အတွက် ကျိုင်းတုံတပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်များမှလှူဒါန်းသည့် ပဒေသာပင် စုစုပေါင်း၁၀၁ပင်ကို နိုဝင်ဘာ ၁၉ ရက် ညနေ ၅နာရီခွဲက အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမသို့ အတီးအမှုတ်အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ပေးပို့လှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါပေးပို့လှူဒါန်းသည့် ပဒေသာပင်များကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး ကထိန်ပွဲအထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများ၊ စင်တင်တေးဂီတဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် ညဈေးတန်းတစ်လျှောက် လှည့်လည် ကြည့်ရှုအားပေးကြသည်။

နိုဝင်ဘာ၂၀ရက် နံနက်၉နာရီခွဲတွင် မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့(၃၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ် စုပေါင်းမဟာ ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပသည်။ အခမ်းအနားသို့ ကျိုင်းတုံမြို့ ဓမ္မောဒယစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒေယျအမှူးပြုသော ပင့်သံဃာတော်၃၆ပါးကြွရောက်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ သာသနာ့တက္ကသီလ မဟာဓမ္မာစရိယ ဘဒ္ဒန္တဝိဇယျထံသို့ ကထိန်ဉတ် သင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီးနောက် တာဝန်ရှိသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိဇယက ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့်ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (၂၀၀၄)ခုနှစ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာသန်းလှတို့က တိရစ္ဆာန်ဆေးနှင့်ဆေးပစ္စည်းအရောင်း ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ၂၃ရက်က ၁၃၆၆ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ဦးမောင်မောင်မြင့် အေး(လာဘ်မိုးဆွေစာပေ)က ကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ရောင်ပြန် မဂ္ဂဇင်းစာအုပ်၁၃၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)ကလက်ခံရယူစဉ်။** (စာပေနှင့်စာနယ်ဇင်း)

# အစိုးရနှင့်ဆွေးနွေးညှိနှိုင်းသဘောတူပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ယုံကြည်ထောက်ခံ၍ ညီလာခံပြီးဆုံးသည်အထိ တက်ရောက်သွားကြမည်

■ *ကျောဖုံးမှ*

### ညီလာခံပြီးဆုံးသည်အထိတက်ရောက်မည်

**နိုင်ငံတော်အစိုးရနှင့်ဆွေးနွေးညှိနှိုင်း သဘောတူကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း မိမိတို့သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် နားလည်သဘောတူခဲ့ကြခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရနှင့်သာ နားလည်သဘောတူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ယုံကြည်ထောက်ခံကြောင်း၊ သို့ပါ၍ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကို ပြီးဆုံးသည်အထိ တက်ရောက်သွားကြမည်ဟု ဆွေးနွေးပြောကြား ကတိပြုခဲ့ကြပြီးဖြစ်ကြောင်း။**

### ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို မဖြစ်မနေ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကို စပါးသီးနှံများ ရိတ်သိမ်းချွေလှေ့ပြီးမည့် ပွင့်လင်းရာသီတွင် ပြန်လည်ကျင်းပမည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ **လာမည့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပမည်**ဖြစ်ရာ ကော်မတီများအလိုက် မိမိတို့ ဆောင်ရွက်ကြရမည့် လုပ်ငန်းအစီအစဉ်များကို ပြီးပြည့်စုံအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

### ကြိုတင်ပြင်ဆင်ထားမှုရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ပွင့်လင်းရာသီတွင် အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက စုံညီအစည်းအဝေးသို့ ပြန်လည်ရှင်းလင်းတင်ပြရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီအနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်းလုပ်ငန်းများအပြီးဆောင်ရွက်

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပထမအကြိမ်အမျိုးသားညီလာခံ ကျင်းပစဉ်က တွေ့ကြုံခဲ့ရသော အုပ်ချုပ်မှုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ယခုပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လဟာပြင်ဇာတ်ရုံ တိုးချဲ့မှုနှင့် ပြုပြင်မွမ်းမံ ဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးမှု အခြေအနေ၊ ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လာမည့်၂၀၀၅ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းများအပြီး ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



## လက်မှတ်ရေးထိုး

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။**

(သတင်းစဉ်)



**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။**

(သတင်းစဉ်)



**အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦး အောင် တိုး အမျိုးသား ညီလာခံကျင်းပရေး လုပ် ငန်း ကော်မတီ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက် ထား ရှိ မှု အခြေအနေ များကို ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)



**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ် ချုပ် လွန်းမောင် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော် မ တီ ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြစဉ်။**

(သတင်းစဉ်)

## တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ပုသိမ်ဟိုတယ်စစ်ဆေး ဝန်ဆောင်မှုကောင်းမွန်ရေးနှင့် ကမ်းခြေသာယာလှပရေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၃

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် နိုဝင်ဘာ ၂၀ရက်က ပုသိမ်ဟိုတယ် ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။**

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဆက်သွယ်ရေးစက်များတပ်ဆင်မှုလုပ်ငန်း အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် ချောင်းသာကမ်းခြေသို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုက္ကရိုဝေ့ဖ်စခန်းနှင့် ချောင်းသာကမ်းခြေရှိ ဟိုတယ်မက်(စ်)၊ ချောင်းသာဟိုတယ်၊ မြန်မာဆင်နာရီဟိုတယ်၊ ဟိုတယ်များကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဟိုတယ်အဆင့်အတန်းမြှင့်တင်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ကမ်းခြေသာယာလှပရေးတို့ကို မှာကြားသည်။ ထိုမှတစ်ဆင့် ငွေဆောင်သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သီဟိုဠ်ပင်စိုက်ပျိုးမှု အခြေအနေကို ကြည့်ရှုသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ငွေဆောင်ကမ်းခြေရှိ ရတနာကမ်းခြေဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ပခရီးသွား ဧည့်သည်များနှင့် တွေ့ဆုံသည်။ ဆက်လက်၍ ငွေဆောင်ကမ်းခြေဟိုတယ် မျက်နှာစာ၌ ဂေါက်ကွင်းသုံးကျင်း ဖောက်လုပ်ထားရှိမှုနှင့် တည်ဆောက်လျက်ရှိသော ဟိုတယ်အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ယုဇနဟိုတယ်သို့ရောက်ရှိပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ငွေဆောင်ဒေသဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

### ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ငွေဆောင်ပမ်းဘိချ်ဟိုတယ်၊ ငွေဇင်ယော်ဟိုတယ်တို့ကို စစ်ဆေးပြီး ဆန်နီပါရာဒိုက်(စ်)ဟိုတယ် တိုးချဲ့ တည်ဆောက်နေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည်ကမ်းခြေဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ်းခြေသာယာ လှပရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ငွေဆောင်ကမ်းခြေ အပိုင်း(၂) တိုးချဲ့ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ငွေဆောင်ကမ်းခြေရှိ မိုဘိုင်းဆက်သွယ်ရေးစခန်း၊ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဲအင်းဂူ တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို နိုဝင်ဘာ၂၉ရက်မှ ဒီဇင်ဘာ၅ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား အခမဲ့အဓိဋ္ဌာန်ဖြစ်၍ နိုဝင်ဘာ၂၈ရက် ညနေအရောက် လာရောက်ကြရန်နှင့် အာဟာရဒါနလှူဒါန်းလိုသူများ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## တာမွေကြီးပွားရေးဈေးရုံ ဆွမ်းဒါနအောင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

တာမွေမြို့နယ် တာမွေကြီး(က/ဂ) ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဈေးရုံကြီး၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ဆွမ်းဒါနအောင်ပွဲကြီးကို နိုဝင်ဘာ၂၆ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်ကွက်အတွင်းမှလှူဒါန်းသော ပဒေသာပင်များနှင့် ဆွမ်းဆန်စိမ်းများကို ပင့်သံဃာတော် ၇၅ ပါးတို့အား ဆက်ကပ်လောင်းလှူ၍ ပိဋကတ်သုံးပုံပါဠိတော်လေးစုံတို့ကို ဗီရိုနှင့်တကွ စာသင်တိုက်ကြီးလေးတိုက်သို့ ဓမ္မပူဇာအဖြစ် ဆက်ကပ်လှူဒါန်းပူဇော်မည်ဟုသိရသည်။ **(က-ပ)**

## မဟာဘုံကထိန်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးခွဲ မန္တလေးဝန်ထမ်းမိသားစုများ၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီတွင် မန္တလေး မြို့ အောင်မြေသာစံမြို့နယ် (၂၀ x ၂၁) လမ်း၊ (၈၂x၈၃) လမ်းကြားရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးခန်းမ၌ ကျင်းပရာ မန္တလေးတောင်ခြေ အနောက်စောင်းတန်း "မြတ်လေးကျောင်းတိုက်" နာယက ဆရာတော်(ပါဠိပါရဂူ) ဘဒ္ဒန္တ စာရိတ္တာ ဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးဌေးလွင်နှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မိုးဝသန်ကုန်ဆုံး တန်ဆောင်မုန်း

**“ရတု ကာလနံ့ –** ဥတုကာလ ခါသမယတို့တွင်၊ **သရဒံ–**သရဒဥတုနှင့် ယှဉ်သော တန်ဆောင်မုန်းလသည်၊ **ပဓာနံ–** မြတ်၏” ဤသို့ လောကနီတိကျမ်းဆရာ စတုရင်္ဂဗလ အမတ်ကြီးက မိန့်ဆိုထားသည်။ ဆီးနှင်း၊ မြူတိမ်၊ သူရိန်မီးခိုး၊ အညစ်အကြေး ငါးမျိုးမှ ကင်းစင်တောက်ပ ပဏာရလျက် အလှကျက်သရေ လက်လက်ဝေသော ဖိုးရွှေလသည် တန်ဆောင်မုန်းလ သရဒဥတု ခါသမယ၌ အလွန်တရာ ထွန်းလင်းတောက်ပြောင် တန်ဆောင်မုန်းလ၏ ဂုဏ်အသရေကို ဆောင်နေပါတော့သည်။

ဝါဆိုလပြည့်ကျော်၁ရက်နေ့မှ စခဲ့သော မိုးဥတုသည် ကုန်ဆုံး၍ တန်ဆောင်မုန်းလ ဆောင်းဥတု ကူးလာပြီဖြစ်သည်။ ရာသီအနေအားဖြင့် ကင်းမြီးကောက်ရုပ်ဖြင့် သရုပ်ပြသော ဗြိစ္ဆာရာသီဖြစ်သည်။ မွန်းတည့်အနေအားဖြင့် လေးဖဝါးစွန်း၍ ကြတ္တိကာကြယ်မင်းသည် တန်ဆောင်မုန်းလ၌ ထွန်းလင်းတောက်ပလျက် ရှိသည်။

**ရာသီအချိန်ကို စောင့်မျှော်ငံ့လင့်နေကြသော ၁၂ရာသီ ပန်းမာလာတို့တွင် အပါအဝင်ဖြစ်သည့် လုပထိန်ဝါခဝဲပန်း အဖြာဖြာတို့၏ မြေကြီးပေါ်၌လည်းကောင်း၊ တစ်စုံတစ်ခုသော သစ်ပင်ချုံနွယ်ပေါ်၌လည်းကောင်း အနွယ်ချင်း ယှက်ကာ ဖူးပွင့်လာကြသည်မှာလည်း ကြည့်မဆုံး၊ ရှုမဆုံး ဖြစ်နေသည်။**

**မိုးဝသန် ကုန်ဆုံးလို့**
**တန်ဆောင်မုန်း ဗြိစ္ဆာ**
**ဖဝါးလေး စွန်းကာငယ်**
**ကြတ္တိကာ ကြယ်မင်း။**
**ခဝဲပွင့် မာလာငယ်**
**သည်ချိန်ခါ မွှေးထုံပျံ့သင်း။**
**ဗာတ္တိ'သ ညဥ့်နာရီမှာ**
**အဌဝီသာ နေ့သွင်း။**
**မြောက်လေပြေ ဆော်ညှင်းလို့**
**အမင်းမင်း ရာဇာ**
**ဥတ်ကထိန် ခါသမယကိုလ**
**များဒါန ပြုကြမြဲသာ။**
**ဆယ့်ရှစ်လုံး ပါဒ်သုညမှာ**
**သံသရာ နောင်အရေးကိုလ**
**ထောက်တွေးကြံဆင်ခြင်**
**ကင်းလွတ်ကြောင်းအင်။**
**မြတ်ပုည ကောင်းခွင်မှာ**
**နှစ်အစဉ် ပွဲပေရှင့်လေး။ ။**

တန်ဆောင်မုန်းလ စာပန်းချီကို နဘေကဗျာ အထူးစုံလှတဲ့ စလေဆရာ ဦးပုညက တေးထပ်ကဗျာဖြင့် ရေးစပ်ကာ ထားခဲ့သည်။

တန်ဆောင်မုန်းလ၌ ညဥ့်နာရီ ၃၂၊ နေ့နာရီ ၂၈ဖြစ်၍ ဗုဒ္ဓမြတ်စွာ သိက္ခာတော် ၂၀ကျော်မှာ သာဝတ္ထိပြည်ဇေတဝန်တောရကျောင်း၌ ခင်းကျင်းခဲ့သော ကထိန်သင်္ကန်း ကပ်လှူပွဲကို အစဉ်အလာပြု၍ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဝန်ကြီးဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့က လည်းကောင်း၊ ပုဂ္ဂလိက ကုသိုလ်ရှင် အသီးသီးတို့က လည်းကောင်း၊ ပရိယတ် ပဋိပတ်သာသနာပြု ရဟန်းသံဃာတော်များ သင်္ကန်းနွမ်းပါးမှု မဖြစ်ရလေအောင် ကထိန်သင်္ကန်း ကပ်လှူပွဲများကို ဝမ်းမြောက်ရွှင်လန်း လှူဒါန်းနေကြသည်။

## ခိုင်ရွှေကြာ

**“သိရီလျှံကြွေ့၊ လပြည့်နေ့၏ ချမ်းမြေ့သာယာ၊ ညဥ့်အခါတွင်၊ ရောဂါဘယ၊ ဆောစွာပအောင်၊ ပွင့်လှခိုင်ချီ၊ မဉ္ဇူရီဟု၊ ဝါစီညံ့နူး၊ ရွှေရည်ဖူးကို၊ ဆီလူးနှမ်းဆား၊ ပြည်သူများတို့၊ သုံးစားသဘင်၊ ပွဲကြီးယင်သော်”**ဟု စာဆိုတော် ဦးတိုင်းက ပဋ္ဌာစာရီပျို့သစ်၌ဆိုထားသည့်အားလျော်စွာ မဉ္ဇူရီဟူ၍ လည်းကောင်း၊ နတ်ပန်းမဉ္ဇူဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသော မဲဇလီဖူးကို ဆီနှမ်းဆားတို့ဖြင့် လက်သုပ်ပြု၍ စားသုံးသော် စားသုံးသူများရောဂါဘယကင်းစင်သည်၊ အန္တရာယ်ကင်းသည်၊ ရာသီစာဖြစ်သည်ဟု အသိအမှတ်ပြုထားကြသည်။

တန်ဆောင်တိုင် စဉ်လာပွဲကျင်းပသော တန်ဆောင်မုန်းလပြည့်နေ့ ညသန်းခေါင်ယံအချိန်၌ မဲဇလီပင်မှာ ဆေးပေါင်းခသည်ဖြစ်၍ မဲဇလီအရွက်၊ အပွင့်ကို ဆေးဖော်စပ်ကြသည်။ တစ်ဦးသည် တစ်ဦးအား မဲဇလီပန်းဖြင့် ပေါက်၍ ကစားကြသည်။ အိမ်ဦး၌လည်း မင်္ဂလာယူရန် မဲဇလီပင်ကို စိုက်ပျိုးကြသော ထုံးတမ်းစဉ်လာရှိတတ်ကြသည်။

> ရာသီအချိန်ကို စောင့်မျှော်ငံ့လင့်နေကြသော ၁၂ရာသီ ပန်းမာလာတို့တွင် အပါအဝင်ဖြစ်သည့် လုပထိန်ဝါခဝဲပန်း အဖြာဖြာတို့၏ မြေကြီးပေါ်၌လည်းကောင်း၊ တစ်စုံတစ်ခုသော သစ်ပင်ချုံနွယ်ပေါ်၌လည်းကောင်း အနွယ်ချင်း ယှက်ကာ ဖူးပွင့်လာကြသည်မှာလည်း ကြည့်မဆုံး၊ ရှုမဆုံး ဖြစ်နေသည်။

အတာပြောင်းသော နောက်တစ်ရက်မှစ၍ ရေတွက်သော် ၂၂၅ ရက်ကျသော တန်ဆောင်မုန်းလ မိုးဥတုအဆုံး သရဒဥတုအချိန်အခါ၌ ကထိန်ပွဲကျင်းပကြသည်။ နေဝင်တောင်ထိပ်၌ ဖျောက်ဆိပ်မြေလူးသည်ဟု မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်၌ ဖော်ပြခဲ့သည်မှာ **“ထို့ပြင်နောက်မှာ၊ နှစ်ရာကျော်ငြား၊ နှစ်ဆယ့်ငါးဖြင့်၊ ရက်ပွားရောက်တွန်၊ ဆုံးစွန်ဝဿ၊ သရဒဟု၊ မိုးလကုန်ဆဲ၊ ကထိန်ပွဲနှင့်၊ ရိုးရဲထွန်းပြောင်၊ နောက်တောင်ထက်ထိပ်၊ ဖျောက်ဆိပ်မြေလူး”**ဟု လောက ရေးရာ၊ ဓမ္မရေးရာအတွက် မိန့်ဆိုခဲ့သည်။

ယင်းသည့် တန်ဆောင်မုန်းလပြည့်နေ့ည သရဒအခါ သမယ၌ ဗုဒ္ဓမြတ်စွာသည် အဇာတသတ်ဘုရင်အား ရဟန်းပြုခြင်း အကျိုးပြ **“သာမညဖလသုတ္တန်”**ဒေသနာကို ဟောကြားတော်မူခဲ့ကြောင်း ရေးသားလိုက်ရပါသည်။ ။



# တပ်မတော်(ကြည်း၊ရေ၊လေ)ပြေးခုန်ပစ် ပြိုင်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ဆုချီးမြှင့်ပေး

ရန်ကုန် နိုဝင်ဘာ ၂၃

**၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် စတင်ကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမားများသည် ကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး စစ်ရေးပြမှူးကြီး ဒုတိယဗိုလ်မှူးကြီး ဇေယျာအောင်က တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

### ဖွင့်လှစ်ပေး

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစား သမားများက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အားချီတက်အလေးပြုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင် အားကစားအသင်းများ၏ အားကစားအမျိုးအစားများအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ညနေ ၃နာရီတွင် ကျင်းပရာ အားကစားအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ရရှိသည့် အားကစားသမားများ အား တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက (၂၀၀၄)ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန် ပစ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ရမှတ်အများဆုံးဖြင့် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမျိုးသားပြေးခုန်ပစ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရမှတ်အများဆုံးဖြင့် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမျိုးသမီးပြေးခုန်ပစ် အသင်းအား အမျိုးသမီးတံခွန်စိုက် ဒိုင်းဆုကြီးကို လည်းကောင်း**(အပေါ်ပုံ)** ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အစ္စရေးလ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၃**

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးလ်နိုင်ငံ သံအမတ်ကြီး H.E. Mrs Ruth Schatz သည် ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြသိန်းတန်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့၏သမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီးသည် သက္ကရာဇ် ၆၇၄ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သည့် ဥဏ်တော် ၁၈၅တောင်ရှိ စေတီတော်ဖြစ်သည်။ နှစ် ၂၀ တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူခဲ့ရာ၌ ၁၃၅၁ခုနှစ်တွင် နောက်ဆုံးကပ်လှူခဲ့ပြီး သဘာဝဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းခဲ့ရာ အသစ်တစ်ဖန် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို တပေါင်းပွဲတော်အမီ ၁၃၆၆ခု တန်ဆောင်မုန်းလမှစတင်လုပ်ဆောင်မည်ဖြစ်ရာ ၁၅နှစ်ကြာမှ တစ်ကြိမ် လှူဒါန်းခွင့်ရသော ကုသိုလ်တော်ပွဲကြီးတွင် လှူဒါန်းကြရန်နှိုးဆော်ထားသည်။ လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ ဇီးကုန်းမြို့နယ် အသင်းဥက္ကဋ္ဌ ဦးအုန်းကျော် ဖုန်း–၀၁–၅၇၃၀၂၁နှင့် မြသိန်းတန်ဘုရားကြီးဂေါပကအဖွဲ့ ဇီးကုန်းမြို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ဆွမ်းအောင်ပွဲအထိမ်းအမှတ် တရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် သုဓမ္မာဓမ္မာရုံတွင် တနင်္လာပတ် ဆွမ်းအောင်ပွဲ အထိမ်းအမှတ် တရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၂၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် မော်ဘီမြို့နယ် သာသနဓဇသဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယဓမ္မကထိက ဗဟုဇနဟိတဓရေဘွဲ့တံဆိပ်တော်ရ ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

**သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အကြို ကျပန်းစကားပြော ပြိုင်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၁ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ (၈)ရပ်ကွက်မှ မခင်သန္တာကျော် ဝင်ရောက်ယှဉ်ပြိုင်စဉ်။**
(က–ပ)



# ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် နိုဝင်ဘာ တန်ဆောင်တိုင် ဂေါက်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၅နာရီ ခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)





**ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား အပူဇော်ခံထားရှိသည့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးအတွင်းရှိ ယာယီစံကျောင်းတော်တွင် ဘာသာရေးဝတ်အသင်းများက အနတ္တလက္ခဏသုတ်နှင့် ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်အား သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ ဖူးမြော်ပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပုလဲရတနာလမ်း ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးအတွင်းရှိ ယာယီစံကျောင်းတော်၌ အပူဇော်ခံထားရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းမှစတင်၍ ရပ်ဝေးရပ်နီးမှ သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ လာရောက်ဖူးမြော်ပူဇော်ကြသည်။

ထို့အတူ ဘာသာရေးဝတ်အသင်းအဖွဲ့များ ဖြစ်ကြသည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ (၅၃)ရပ်ကွက်လုံးဆိုင်ရာ ဝတ်အသင်း၊ (၅၄)ရပ်ကွက် သာသနဓဇဓမ္မာရုံဝတ်အဖွဲ့၊ (၂၀)ရပ်ကွက် သဃ်မိတ္တာဓမ္မစကြာဝတ်အဖွဲ့၊ (၂၅)ရပ်ကွက် နိကာယ်ရောင်တော်ဖွင့်ဝတ်အဖွဲ့၊ (၅၇)ရပ်ကွက် ဓမ္မဃောသကဝတ်အဖွဲ့တို့က ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် သံဝေဂကဗျာ၊ သံဝေဂရစ်လုံးဘွဲ့ကဗျာ၊ အနတ္တလက္ခဏသုတ်နှင့် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ **(သတင်းစဉ်)**

# ရွှေစင်၊ရွှေပြား၊ရွှေသက်န်းတော်များ လှည့်လည်အပူဇော်ခံ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်း၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆက်ကပ်ပူဇော်မည့် (၅၄)ကြိမ်မြောက် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော်များလှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက အဆိုပါ အသင်းတည်ရှိရာ ကြည့်မြင်တိုင်မြို့နယ် ဘောဂလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတနာသမ္မာရဝတ်အသင်းစည်တော်အဖွဲ့ကဦးဆောင်၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆက်ကပ်ပူဇော်မည့် သုံးကျပ်သားစီရှိ ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော် ၁၁ပြား စုစုပေါင်း ၃၃ ကျပ်သားကို ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်များအတွင်းရှိ ရပ်ကွက်အသီးသီးသို့ လှည့်လည် အပူဇော်ခံကြပြီး နိုဝင်ဘာ ၂၄ရက်မှစ၍ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ အဆိုပါ အသင်း၏တန်ဆောင်း၌ ထားရှိအပူဇော်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် အောင်မင်္ဂလာလမ်းသွယ် ၄ လမ်း မိသားစု၏ တတိယအကြိမ်မဟာဘုံကထိန်လှည့်လည်ပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပရာ ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုနှင့် လမ်းမိသားစုများ ပဒေသာပင်များ လှည့်လည်လာကြစဉ်။**
(က-ပ)

# ချမ်းမြေ့ရိပ်သာကျောင်း(မှော်ဘီ) ဘုံကထိန်လျာသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ ဘုံကထိန်လျာသင်္ကန်း စုပေါင်းဆက်ကပ်ပွဲကို(၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်)နိုဝင်ဘာ ၂၆ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ နံနက် ၇နာရီမှစ၍ ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနသဘင်တရားပွဲများ ညစဉ်၇နာရီ

| စဉ် | ရက်စွဲ | တရားဟောကြားချီးမြှင့်တော်မူမည့်ဆရာတော် |
|---|---|---|
| ၁။ | ၂၄-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်) |
| ၂။ | ၂၅-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဉာဏိဿရ (သီတဂူဆရာတော်) |

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီးအန္တိမစျာပန အနုပညာဖြင့် ဓမ္မတေးပူဇော်ရေး အစီအစဉ်

| နေ့ရက် | အချိန် | ပူဇော်မည့်အဖွဲ့ |
|---|---|---|
| ၂၅-၁၁-၂၀၀၄ | ၁၅:၀၀ | ပျဉ်းမနား ဝါဝါရွှေ ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၀၈:၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၃:၀၀ | ဖန်ခွက်စိန်ဇာတ်အဖွဲ့ ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၁၅:၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၉:၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |
| ၂၇-၁၁-၂၀၀၄ | ၀၈:၀၀ | ရွှေခြံသူ သီတာဝင်း ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၇-၁၁-၂၀၀၄ | ၁၀:၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |

# ကျိုက္ကလဲ့စေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့ရွှေစေတီတော်မြတ်ကြီး၏ (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၈ရက်က ပြုလုပ်သည်။

ကျိုက္ကလဲ့ရွှေစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းအား ဂေါပကအဖွဲ့က ဆက်ကပ်လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ငါးရက်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပ၍ ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ဘုရားပွဲရက်အတွင်း စေတီတော်မြတ်ကြီးအားစေတနာရှင်ပြည်သူများမှ သဟတ္ထိကဒါန မြောက်စွာဖြင့် ရွှေသင်္ကန်းများကို အလှူရှင်ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၆၃)**



# ဖြူးမဟာစည်ရိပ်သာ ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ်ဘူတာရုံ အနောက်ဘက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တနရပတိ(သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ) ဖြူးဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ဖြူးမြို့နယ်အသင်းနှင့် ရိပ်သာအကျိုးဆောင်အဖွဲ့ အလှူရှင်အပေါင်းတို့က စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ ရက်)သောကြာနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရိပ်သာဖုန်း- ၆၈၂၇၁၁၊ ၅၀၁၈၄၆(လိုင်းခွဲ-၁၈၁)၊ ၀၉၅၀-၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**



# အာဆီယံအင်ဂျင်နီယာအသင်းချုပ်ကြီး၏ ညီလာခံ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသားများအား ရှင်းလင်းတင်ပြ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံ အင်ဂျင်နီယာအသင်းချုပ် ကြီး၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံနှင့် ပတ်သက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသင်းသားများအား ရှင်းလင်းတင်ပြပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့် **(ဝဲပုံ)**က အမှာစကားပြောကြားပြီး အသင်းအထွေထွေ အတွင်းရေးမှူး ဦးသန်းမြင့်က အသင်း ၏ဆောင်ရွက်ချက်များနှင့် CAFEO-22 အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများ ကသိရှိလိုသည်များကို မေးမြန်းကြရာ CAFEO-22 ကျင်းပရေးကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

(၂၂)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံ(CAFEO-22)ကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ အထက(၁၀) တော်ဝင်သံတဲကျောင်းတော်ကြီးဖွင့်ပွဲနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဦးသန်းအောင်တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၀

**မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ မင်းတုန်းမင်းတရားကြီး ၁၈၆၉ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့သော တော်ဝင်သံတဲကျောင်းတော်ကြီး ရှေးမူဟန်မပျက် ပြန်လည်မွမ်းမံပြင်ဆင်ဖွင့်လှစ်ပွဲအခမ်းအနားနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တော်ဝင်သံတဲကျောင်းတော်ကြီးကို အမှတ်(၂) အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းစန်းဖေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းတော်ကြီး၏ သမိုင်းမော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ကျောင်းသူများ သင်ကြားလေ့ကျင့်နေမှုကို တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များက ကျောင်းအတွက် အလှူငွေများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၂၁ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၁၃)ကြိမ်မြောက် မိသားစုဘုံကထိန် သင်္ကန်းကပ်လှူပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့က ကထိန်လျာဥတ်သင်္ကန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (လယ်ယာ/ဆည်မြောင်း)



**အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့အား အမှူးထား၍ ဝန်ကြီးဌာန မိသားစုများ၏ (၁၂)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရား အရှေ့ဘက် လယ်တီဝိပဿနာကျောင်းတိုက်၌ကျင်းပရာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာသဘအား ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။** (ဝ၅၂)

# ဘီးလင်းသကြားစက်ကြံရာသီစက်ဖွင့်ပွဲကျင်းပ သကြားတန်ချိန် ၃၅၀၀ ထုတ်လုပ်ရန်လျာထား

ရန်ကုန် နိုဝင်ဘာ ၂၃

**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဘီးလင်းသကြားစက်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ကြံရာသီစက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၉ နာရီက အဆိုပါစက်ရုံ၌ ကျင်းပသည်။**

### အမှာစကားပြောကြား

အဆိုပါ ကြံရာသီစက်ဖွင့်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး၏ အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ကြံတောင်သူများအား ပေးအပ်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ခုနှစ် ဘီးလင်းသကြားစက် စတင်ဖွင့်လှစ်ရန် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်နှင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော် များသည် ကြံကြိတ် စက်အတွင်းသို့ ရှေ့ကြံ၊ ငွေကြံများချ၍ စက်စတင်မောင်းနှင်စေပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဘီးလင်းမြို့နယ် ဝင်းပြန်ကျေးရွာရှိ ကြံအဝယ်ဒိုင်သို့ သွားရောက်၍ ကြံဝယ်ယူမှု အခြေအနေကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

### ထုတ်လုပ်ရန်လျာထား

ဘီးလင်းသကြားစက်သည် ၂၀၀၄-၂၀၀၅ ခုနှစ် ကြံရာသီတွင် ကြံတန်ချိန် ၅၀၀၀၀ကြိတ်၍ သကြားတန်ချိန် ၃၅၀၀ခန့်ထုတ်လုပ်ရန်ခန့်မှန်းလျာထား ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိသားစုဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့်ဇနီး ဒေါ်မေကြည်စိန်တို့အားအမှူးထား၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် နံနက် ၉နာရီခွဲက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

### အနုမောဒနာတရားနာကြား

အခမ်းအနားတွင် ဝန်ကြီးဦးသောင်းနှင့် ဇနီးတို့က ကထိန်လျာဥတ်သင်္ကန်းကို မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက် ပဓာန နာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဓမ္မထံသို့ ဆက်ကပ်လှူဒါန်း၍ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားတော်များ နာကြားကာ ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိန်စည်ဆရာတော် နိုင်ငံခြားဓမ္မဒူတခရီး

**ရန်ကုန် နိုဝင်ဘာ ၂၃**

အောင်လံမြို့ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာနှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း စိန်စည်သာသနာ့ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဒီဃဘာဏက ပိဋကတ် တစ်ပုံဆောင် စိန်စည်ဆရာတော် ဘဒ္ဒန္တ သညောဘာသနှင့် တပည့် အရှင်ဇနကတို့သည် တပည့် ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ သြစတြေးလျ နိုင်ငံသို့ နိုဝင်ဘာ၂၇ရက်တွင် ဓမ္မဒူတ ခရီးစဉ် ကြွရောက်မည် ဖြစ်သည်။

**(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီးတွင်) ဦးထွန်းလွင်-ဒေါ်ခင်စောဝင်း မိသားစု အမှတ် ၂၃၄၊ (၃၃) ရပ်ကွက် အင်ကြင်းမြိုင်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)က အလှူငွေ ကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**နိုဝင်ဘာ ၁၂ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ (၉၃)ရပ်ကွက် သုတဘဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လွင်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝေနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**(မြို့နယ် ပြန်/ဆက်)

# (၂၁)ကြိမ်မြောက် ဆွမ်းအောင်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁၀)မြောက် စံပြဥယျာဉ်ဈေး ၉/လဟာပြင်ဈေးမိသားစု၏ (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း၊ ဝါတွင်း တနင်္လာနေ့တိုင်း သံဃာအပါး ၁၉၀၀ ကျော်တို့အား အရုဏ်ဆွမ်းလောင်းလှူခြင်းနှင့် ဆွမ်းအောင်ပွဲအဖြစ် တရားပွဲငါးည ကျင်းပခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်က ပင့်သံဃာအပါး ၂၅၀၀ တို့အား စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယခုနှစ်တွင် စုစုပေါင်းငွေကျပ် ၇၅ သိန်းဖိုး လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

# သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏(၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃-၂၀၀၄ခုနှစ် မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ် ဝင်တန်းဘာသာစုံအမှတ် အများဆုံးဖြင့် အောင်မြင်ကြသော ကျောင်းသူ ကျောင်းသားငါးဦးနှင့် ပင်ရင်းမြန်မာစာဘာသာတွင် အမှတ်အများဆုံးရရှိသူ ကျောင်းသူ ကျောင်းသား ၁၁ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်တိုင်တက်ရောက်၍ ဆုလက်ခံရယူရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

## အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ် အလုပ်အမှုဆောင်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ်၏(၁၈)ကြိမ်မြောက် အလုပ်အမှုဆောင်အစည်းအဝေးကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ရှိ Grand Plaza Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Yu Zaiqing(တရုတ်)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် Mr.R.W Smith (ဗြိတိန်)၊ Mr. Lim Keng Yaik (မလေးရှား)၊ Anthony Goh (အမေရိကန်)၊ Abbassi Osman (အီဂျစ်)၊ အထွေထွေ အတွင်းရေးမှူး Mr.Wang Xiaolin (တရုတ်)နှင့် အလုပ်အမှုဆောင်များတက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၀၄ ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး) အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု (နတခ)ဇုန် ပုသိမ်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၁ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု(နမခ)ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ ကျင်းပသောပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၇)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၃**



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၇)ကို ထုတ်ဝေဖြန့်ချိထားသည်။**(ယာပုံ)**

နုယဉ်၊ မြင်းမူမောင်နိုင်မိုး၊ တင်လင်းဇော်၊ မောင်မောင်မိုးအောင်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်စောထွန်း (ကျောင်းကုန်း)၊ အေးမျိုးကြည်၊ ကြည်ထွန်း(ကျောက်ပန်းတောင်း)၊ ပန်းတနော်ကျော့မိုး၊ မင်းသွေးနွယ် (ဓနိကုန်း)၊ အောင်သာဆန်း(သံတွဲ)၊ ဘွင်းဘွင်းတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ)၊ အရှင်ကေလာသ၊ ဒေါက်တာမတင်ဝင်း၊ ခင်ဆွေမြင့် (မြန်မာစာ)၊ မှူးစိုး၊ ချစ်နိုင်(စိတ်ပညာ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မြတ်လေးမြင့်၊ တက္ကသိုလ်သန်း၊ တက္ကသိုလ်စိုးယဉ်၊ စိုးဝင်း(မြစ်ချေ)၊ စိုးတင့် (IWT)၊ မိုးထက်မောင်မောင်၊ သန်းလွင်(ရပ်စောက်)၊ ညိုအံ့၊ ကျော်ဇေယဟိန်း(ဒေါပုံ)၊ ထွန်းနိုင်(သာသနာရေး)၊ အောင်ဇင်၊ မောင်စိန်သူ၊ စိုးမြင့်ငြိမ်း၊ စလင်းမောင်မွှေးကြိုင်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ လယ်တွင်းသားစောချစ်၊ ယုဝတီခင်စိန်လှိုင်၊ မောင်ဆန္ဒ(လယ်ဝေး)၊ ခင်ကြူကြူတင်၊ ရွှေဘိုဘမထီခင်အောင်၊ သူရိန်မွန်(ဆေး-၂)၊ ညိုလွမ်းအောင်၊ ချမ်းမြအောင်၊ ပုသိမ်အောင်သန်းဦး၊ ဝါဝါ(အင်းစိန်) တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဓလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ကာတွန်း၊ ပုံပြင်စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့်အခြားစာအုပ်ဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

## မင်္ဂလာဗျူဟာ သာမဏေကျော်

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၁၇)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲကို ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ပထမဆင့် သာမဏေများအတွက် အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ရက် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း၊ ပထမဆင့် သီလရှင်များအတွက် ဒီဇင်ဘာ ၁၂ ရက် ညနေ ၃နာရီတွင် ပြန်ဆိုရမည်။

ရေးဖြေစာမေးပွဲများကို ဒီဇင်ဘာ ၁၅၊ ၁၆၊ ၁၇ ရက်များတွင်ကျင်းပမည်ဖြစ်ရာ ပထမဆင့်များအတွက် နံနက် ၈နာရီမှ ၁၁ နာရီအထိ ဖြေဆိုရမည်။ ဒုတိယ၊ တတိယနှင့် တိပိဋကလင်္ကာရ အဆင့်များအတွက် မွန်းတည့် ၁၂နာရီခွဲမှ ၃နာရီခွဲအထိ ဖြစ်သည်။ ရေးဖြေနေ့များတွင် ဆွမ်းကပ်လှူမည်ဖြစ်ရာ ဒုတိယ၊ တတိယနှင့် တိပိဋကလင်္ကာရအဆင့်များအတွက် နံနက် ၉နာရီမှ ၁၀နာရီခွဲအထိလည်းကောင်း၊ ပထမဆင့်များအတွက် ၁၀နာရီမှ ၁၂နာရီအထိကပ်လှူမည်ဖြစ်သည်။ ယခုနှစ်တွင် စာဖြေချိန်နှင့် ဆွမ်းကပ်ချိန်များ ပြောင်းလဲထားသည်ဖြစ်ရာ စာဖြေသံဃာများ သတိပြု ကြွရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

## မြန်အောင်အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်အောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၉၅၃ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အသက်၆၀ အထက် အငြိမ်းစားဆရာကြီး၊ဆရာမကြီး ၇၉ဦးအား မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ၁၉ရက်တွင် အထက ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်အလှူပစ္စည်းများကို ဦးစိန်ဝင်း မြန်အောင်မြို့ ဖုန်း- ၃၈၅၊ ဦးထွန်းလင်း မြန်အောင်မြို့ ဖုန်း-၂၂၇၊ ဦးခင်မောင်ဝင်း မြန်အောင်မြို့ ဖုန်း-၃၃၀၊ ဦးဝင်းမော် မြန်အောင်မြို့ ဖုန်း-၂၅၂၊ မြန်အောင်မြို့နယ်အသင်း ရန်ကုန်မြို့ ဖုန်း-၅၆၆၆၈၇နှင့် ၅၃၃၆၉၄ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

## ကမ္ဘာတစ်လွှား အားကစား

### ချယ်လ်ဆီးနှင့်အာဆင်နယ် သရေပွဲများနှင့်ကြုံတွေ့ မန်ချက်စတာယူနိုက်တက်အသင်း နိုင်ပွဲဖြင့်ပြန်စ

**လန်ဒန် နိုဝင်ဘာ ၂၃**

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲများကို စနေနေ့က အင်္ဂလန်နိုင်ငံ၌ ကျင်းပခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ချာလ်တန်အသင်းတို့သည် အိုးထရက်ဖို့ဒ်ကွင်း၌ယှဉ်ပြိုင်ကစားရာ မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက်အနိုင်ဂိုးများကို ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးလ်တို့က ယခုနှစ်ပရီမီးယားလိဂ်ဘောလုံးရာသီအတွက် ပထမဆုံးသောဂိုးများအဖြစ် သွင်းပေးခဲ့ကြသည်။

မန်ယူသည် ၁၄ပွဲကစား ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ၂၄မှတ်ရရှိထားပြီး နံပါတ်(၅)နေရာသို့ရောက်ရှိလာသည်။ ထိပ်ဆုံးရောက် ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့၏ ရမှတ်များနှင့် တဖြည်းဖြည်း ကွာဟမှုများ ကျဉ်းမြောင်းလာပြီဖြစ်သည်။

အာဆင်နယ်အသင်းနှင့်ဝက်စ်ဘရွန်းအသင်းတို့သည် ဟိုက်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။

အာဆင်နယ်အသင်းအတွက် ၅၄မိနစ်တွင် ရောဘတ်ပီရက်စ်က တစ်ဂိုးသွင်းပေးခဲ့သော်လည်း ၇၉မိနစ်တွင် ရောဘတ်အန်းရှောက ချေပသွားခဲ့သည်။

အာဆင်နယ်တို့သည် ယခင်အပတ်က ဂိုးမိုးရွာနိုင်သော်လည်း ယခုအပတ်တွင် ဂိုးမိုးခေါင်ခဲ့သည်။ ယင်းတို့သည် ၁၄ပွဲကစားပြီးချိန်တွင် ၃၁မှတ် ဖြင့် ချယ်လ်ဆီးနောက်မှ ဒုတိယနေရာလိုက်နေသည်။

ခရစ္စတယ်ပဲလေ့စ်နှင့် နယူးကာဆယ်အသင်းတို့ယှဉ်ပြိုင်ကစားရာတွင် နယူးကာဆယ်က နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

အဲဗာတန်အသင်းနှင့်ဖူဟမ်အသင်း တို့ ယှဉ်ပြိုင်ကစားရာတွင် အဲဗာတန်က တစ်ဂိုး-ဂိုးမရှိဖြင့် သုံးမှတ် အပြည့်ယူသွားပြန်သည်။

အဲဗာတန်အသင်းသည် ပွဲစဉ်များတစ်လျှောက် ဂိုးများများမသွင်းသော်လည်း ပွတ်ကာသီကာဂိုးများဖြင့် နိုင်ပွဲများဆက်သည့် စံချိန်ကို ဆက်လက်ထိန်းထားပြီး တတိယနေရာကို အပိုင်ယူထားသည်။

မစ်ဒယ်ဘရော့အသင်းနှင့်လီဗာပူး အသင်းတို့ယှဉ်ပြိုင်ကြရာတွင် မစ်ဒယ်ဘရော့အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ မစ်ဒယ်ဘရော့အသင်းသည် ဖလားယူရန် ရေပန်းမစားသော်လည်း ၂၅မှတ်ဖြင့် စတုတ္ထနေရာကို ရောက်လာပြီဖြစ်သည်။

နော့ဝှစ်နှင့်ဆောက်သမ်ပတန်အသင်းတို့ယှဉ်ပြိုင်ကစားရာတွင် နော့ဝှစ်က နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် ဘော်လ်တန်အသင်းတို့ စတန်းဖို့ဘရစ်၌ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် တစ်မှတ်စီခွဲယူသွားကြသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီးယားလိဂ်တွင် ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ ၁၄ပွဲကစား ၁၀ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၃၃မှတ်ရရှိထားပြီး အာဆင်နယ်ကို နှစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**



**အောင်ပွဲခံ**

**မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပထမဆုံးသော ဂိုးကိုသွင်းပြီးနောက် ရိုင် ယန် ဂစ် နှင့် ကစား ဖော် များ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ- အင်တာနက်)**

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုစွမ်းရည်ပြိုင်ပွဲများဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုအဖြစ် မသန်စွမ်းသူများ၏ စွမ်းရည်ပြိုင်ပွဲများကို ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာကျောင်းများတွင် အသီးသီးကျင်းပရာ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်းတွင် နားမကြားသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများ စက်ချုပ်ပြိုင်ပွဲများကို လည်းကောင်း၊ ဗဟိုလမ်းရှိ ခဝဲခြံ မျက်မမြင်ကျောင်းတွင် မျက်မမြင်များ သီချင်းဆိုပြိုင်ပွဲကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ငယ်သင်တန်းကျောင်းတွင် ဉာဏ်ရည်မမီကလေးငယ်များ၏ စုံတွဲအကနှင့် တပင်တိုင်အကပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကျောင်းများအလိုက် ထူးချွန်ဆုရရှိသူများအား ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားအား ဂုဏ်ပြုသောအားဖြင့် အလှူငွေများလှူဒါန်းလိုသောအလှူရှင်များသည် ဦးဘိုးသန်း ညွှန်ကြားရေးမှူး ဖုန်း-၆၆၂၅၉၁နှင့် ဦးမောင်မြင့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၆၆၃၃၉၂ လူမှုဝန်ထမ်း ဦးစီးဌာန(ရုံးချုပ်) အမှတ် ၆၄ ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကံထပ်မင်္ဂလာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)အား ရှစ်ဖြာပရိက္ခရာစုံလင်စွာဖြင့် စက်တွင်း(၁)ရပ်ကွက်နေ ဦးသိန်းထွန်း-ဒေါ်တင်မြိုင်တို့အား ဦးထိပ်ထားလျက် သားသမီးများဖြစ်ကြသော ဦးဝင်းမြင့်-ဒေါ်ချိုချိုစန်း၊ မောင်ဝင်းဇော်၊ မောင်ဝင်းဇော်-မရီမွန်နှင့် မောင်အောင်မြင်-မဆွေဆွေဝင်းတို့က ကံထပ်အလှူပွဲကို (နိုဝင်ဘာ၂၃ရက်) တန်ဆောင်မုန်းလဆန်း၁၂ရက်တွင် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း၌ပြုလုပ်လှူဒါန်းခဲ့သည်။ ယင်းအလှူပွဲတွင် ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A)က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားကြောင်းသိရသည်။ **(က-ပ)**

## တန်ဆောင်မုန်းလပြည့်နေ့ လှော်ကားဥယျာဉ်ဖွင့်ထားမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကိုနိုဝင်ဘာ၂၆ရက် (သောကြာနေ့) တန်ဆောင်မုန်းလပြည့်နေ့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂန့်ဂေါမြို့နယ်တဇန်းရွာ ကိုယ့်အားကိုယ်ကိုး ရွှေဝါဖူးစာကြည့်တိုက်ဖွင့်

ဂန့်ဂေါ နိုဝင်ဘာ ၁

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါမြို့နယ် တဇန်းရွာ ကိုယ့်အားကိုယ်ကိုးရွှေဝါဖူး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ တဇန်းရွာ စမ်းသီတာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မသေဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခိုင်မြို့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံကျွမ်းကျင် (၂) ဦးကျော်သန်းဆွေက စာအုပ်မျိုးစုံ ၅၅အုပ်ကို ရွှေဝါဖူး စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ၊ တဇန်းရွာ အမကကျောင်းအုပ်ဆရာမကြီး ဒေါ်ရီသို့ ပေးအပ်လှူဒါန်းသည်။ **(၂၇၃)**





**အောက်တိုဘာ၂၇ရက်က သဲကုန်းမြို့နယ် အင်းမမြို့ အုတ်တွင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လမင်းတစ်ရာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်ဆွေ၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးအောင်ကြီးနှင့် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ဝဝ၄)

## နဝဒေးစာကြည့်တိုက်ဖွင့်လှစ်

**ပြည်မြို့ ဆံတော်ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး နဝဒေး စာကြည့်တိုက်ဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဦးဉာဏ်မွေးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

# ခင်ဦးမြို့နယ် ပညာရွှေအိုးစာကြည့်တိုက်ဖွင့်

ခင်ဦး နိုဝင်ဘာ ၁၀

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းကြီးကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကိုယ့်အားကိုယ်ကိုး ပညာရွှေအိုးစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၉ရက်ကကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်တင့်က စာဖတ်ရခြင်း၏ အကျိုးကိုလည်းကောင်း၊ စာထောက် (၃) ဦးအောင်မင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၅ အုပ်ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကျေးလက်**
**တစ်ခွင်**
**ပွံ့ဖြိုး**
**စည်ပင်**



# အရာတော်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြော

အရာတော် နိုဝင်ဘာ ၂

**မုံရွာခရိုင် အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ညောင်ခြေထောက်ကျေးရွာ၌ ဘဝပဒေသာကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ်ပညာရေးမှူးဦးကိုကို၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးဦးကံထွန်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။** (အောက်ပုံ)

**ဆွေးနွေးဟောပြော**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြောသည်။

**လက်ခံရယူ**

ထို့နောက် စာအုပ်အလှူရှင် ၃၀က သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ကျေးရွာ အတွင်းရေးမှူး ဦးစိန်သောင်းတို့က လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် မျိုးမြန်မာစာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေနှင့် ဦးသိန်းအောင် (မြင့်ရည်–တမာမြေ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**(ခရိုင်ပြန်/ဆက်)

# ဘားအံမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့်လှစ် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ရှင်းလင်း

ဘားအံ နိုဝင်ဘာ ၃

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ဘားအံမြို့နယ် လက္ခဏကျေးရွာတွင်ကျင်းပရာ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်နန်းအေးကြည်နှင့် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစောမောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအေးကြည်က ဘားအံမြို့နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ပလငါးတန်**
**ပွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**





# ပညာပါရမီ စာကြည့်တိုက်ဖွင့်

ပင်လောင်း နိုဝင်ဘာ ၇

ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု ဆောင်းပြောင်း (အနောက်)ရွာ ပညာပါရမီ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ထို့နောက် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးစိုင်းခင်မောင်အေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးထွန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာအုပ်၊ စာစောင်နှင့် နံရံကပ်ဓာတ်ပုံများအား ဧည့်ပရိသတ်များက လှည့်လည်ကြည့်ရှုကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကွင်းဆင်းဆောင်ရွက်

**တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုးလင်းမြင့်နှင့်အဖွဲ့ဆောင်ရွက်သောပုန်းထွန်ရပ်ကွက်၊ မထသ ကားဂိတ်သွားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်က တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

## ဝိဇာတမင်္ဂလာ ပူဇော်ပွဲ ကျင်းပမည်

**ရွှေတောင် နိုဝင်ဘာ ၁၉**

ပဲခူးအနောက်ပိုင်းတိုင်း ပြည်ခရိုင် ရွှေတောင်မြို့ စက္ကပဗ္ဗောတာရပန်းတောင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက ဂန္ထကာရက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မူလဋ္ဌါရနိကာယ ဂဏာဓိပတိ ဒသမဂိုဏ်းချုပ်သာသနာပိုင် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစက္ကာဝုဓ အရှင်မြတ်ကြီး၏ သက်တော်(၉၉)နှစ်မြောက် မွေးနေ့ဝိဇာတမင်္ဂလာ ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁ရက်) စနေနေ့နံနက်တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးနေ တပည့်များနှင့် ဒါယကာ ဒါယိကာမများအား အကြောင်းကြားထားကြောင်း သိရသည်။ **(က-ပ)**

**နိုဝင်ဘာ ၁၂ ရက်က ဘုရားကြီးလမ်းထပ်ပိုး ကတ္တရာခင်းခြင်းအား ထားဝယ်ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ညိုက စစ်ဆေးရာ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။** (က-ပ)





## မီးဘေးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ရေလှောင်ကန်နှင့် ရေစင်များ ရေအလွယ်တကူရရှိရေး မှာကြား

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းမီးသတ်ဦးစီးဌာနတိုင်းဦးစီးမှူး၏ ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ အောင်နန်းရိပ်သာအနောက်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်များရှိ မီးသတ်ရေလှောင်ကန်များ၊ ရေစင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းသည် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောင်နန်းရိပ်သာ အနောက်မီးသတ် စခန်းရုံးတွင် ဦးစီးအရာရှိက ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအစဉ်သတိရှိရှိ ဂရုစိုက်ကြရန်နှင့် မီးသတ်ရေလှောင်ကန်များ၊ ရေစင်များ ရေအလွယ်တကူရရှိစေရေး မှာကြားသည်။

ထို့နောက် ၈၅ လမ်းနှင့် ၃၂ လမ်းထောင့်၊ ၈၅ လမ်းနှင့် ၃၃ လမ်းထောင့်ရှိ ရေဂါလန် ၁၆၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန်များ၊ အောင်နန်းရိပ်သာအရှေ့ရပ် ၃၃လမ်းနှင့် ၈၁လမ်းထောင့်ရှိ ရေဂါလန် ၇၀၀၀ဆံ့ မီးသတ်ရေစင်များကို ကြည့်ရှုစစ်ဆေးပြီး ရေသစ်ရေဟောင်းလဲရေး၊ အမြဲကန်အပြည့်ရေရှိရေးတို့ကို မှာကြားသည်။ **(၁၆၂)**

## ဖြူးမြို့အလက ၅ အာစရိယပူဇော်ပွဲကျင်းပမည်

**ဖြူး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်း ဖြူးမြို့ အခြေခံပညာအလယ်တန်းကျောင်း (ယခင် အလက-၂စက်ပိုင်းကျောင်း)မှ ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့)တွင် ကျောင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် အဝေးရောက်ကျောင်းသားဟောင်းများသည် ဦးကြည်စိုး ဖုန်း ၀၅၄-၄၀၄၆၁၊ ဦးဇော်လွင် ဖုန်း ၀၅၄-၄၀၄၆၂ နှင့် ဒေါ်ခင်ခင်ဝင်း ဖုန်း ၀၅၄- ၄၀၁၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၇၆)**



**ကျေးလက်**

**—**

**သတင်းနှင့်**

**—**

**မြင်ကွင်း**

**စာတတ်သူတိုင်း**

**စာဖတ်ဖို့**

**စာကြည့်တိုက်များ**

**ထူထောင်စို့**

### မြန်မာ့အသံ

**၂၅-၁၁-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ကင်းမွန်ငံပြာရည်ထုတ်လုပ်မှု အကြောင်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မချစ်တတ်၊ မမုန်းတတ်သောသူ (အရှင်ဆန္ဒာဓိက ရွှေပါရမီတောရ) (၂)ခေါင်းလောင်းတီးသူနှင့် အခြားပုံပြင်များ(ဦးဝမ်ထိန်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများအကြောင်း-မောင်ဆုရှင်)

၁၂:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပုန်းရည်ကြီး၊ ငါးမြင်းသားဟင်းနှင့် ဒန့်သလွန်ရွက်ဟင်းချို)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ဖြူပါစေ)



**နိုဝင်ဘာ ၁၁ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ရန်ကုန်-မော်လမြိုင်လမ်းမကြီး တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေဆွေးထည့်ခြင်း လုပ်ငန်းအား တာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ဋ္ဌေး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)

### ပြင်ဆင်

**ဟသ်ာတမြို့နယ် ဗိုလ်မြတ်ထွန်း လမ်းပြင်ဆင်ခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## စာကြည့်တိုက်လုပ်ငန်းခွင်မြင့်မားရေးပညာပေး

**ပေါင်းတည် နိုဝင်ဘာ ၁၇**

ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ လုပ်ငန်းခွင်စွမ်းရည် မြင့်မားရေးအတွက် စာကြည့်တိုက် ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နဝရတ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးလှကြိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်က စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ စာအုပ်စာတမ်းများ စနစ်တကျစုဆောင်းထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားတိုးတက်ရေးတို့ကို ပညာပေး ဆွေးနွေးကြသည်။ **(၃၃၁)**

24-11 (16).p65 1 3/24/05, 3:06 PM

# အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်

## ကော်မတီများ မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးပြည့်စုံအောင် ကြိုတင်ပြင်ဆင်ထား

*** ရှေ့ဖုံးမှ**

မူဝါဒလမ်းစဉ်(၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကချမှတ်သည့် မူဝါဒမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ရှိအစိုးရက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်သာဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် မသက်ဆိုင်ကြောင်း၊ သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ချမှတ်ထားသည့် Road Map ပါအတိုင်း လုပ်ငန်းများကိုမပြောင်းလဲဘဲ ရှေ့ဆက်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁* ■

**နိုဝင်ဘာ ၂၃ရက်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။** (သတင်း-ဂ) (သတင်းစဉ်)





### ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံ ပြီးဆုံးသည်အထိ တက်ရောက်မည်

နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းသဘောတူကြပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း မိမိတို့သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် နားလည်သဘောတူခဲ့ကြခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရနှင့်သာ နားလည်သဘောတူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ယုံကြည်ထောက်ခံကြောင်း၊ သို့ပါ၍ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကို ပြီးဆုံးသည်အထိ တက် ရောက်သွားကြမည်ဟု ဆွေးနွေးပြောကြားကတိပြုခဲ့ကြပြီးဖြစ်။

### ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

## အရာတော်မြို့နယ်သန့်ရှင်းသောသောက်သုံးရေရရှိရေး တစ်နာရီရေဂါလန် ၁၂၀၀ထွက်ရှိသည့် စက်ရေတွင်းလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် တမာပင်ကျေးရွာ၌ အလှူရှင်မိသားစုက သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက်လှူဒါန်းသော စက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေအနေများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးနှင့်အဖွဲ့ဝင်များက သောက်သုံးရေရရှိရေးဆောင်ရွက်မှုကို လာရောက်ကြည့်ရှုရာ အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်လွင်တို့က စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေမှတ်နေမှုအခြေအနေများကို ရှင်းလင်းပြသသည်။ **(ဝဲပုံ)**



အလှူရှင် စက်ရေတွင်းမှာ အနက်ပေ ၄၀၀နှင့် တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သည့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ကျောက်ဖြူတောင်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၃ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်အဖွဲ့ သောက်သုံးရေရရှိရေးတိုးချဲ့ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ **(မြို့နယ်စည်ပင်)**